**CHIN NATIONAL FRONT**
General Headquarters
Chinland

Website: www.cnfhqr.org
Email: cnf.headquarters@gmail.com



# အကြမ်းဖက်စစ်ကောင်စီမှ
# တမူးမြို့နယ်၊ ခမ်းပတ်မြို့၊ ကာနန်ကျေးရွာအား
# အကြမ်းဖက် ဗုံးကြဲမှုအပေါ် ထုတ်ပြန်ချက်

ဇန်နဝါရီလ ၁၁ရက်၊ ၂၀၂၃ခုနှစ်

၁။ အကြမ်းဖက်စစ်ကောင်စီသည် တမူးမြို့နယ် ကာနန်ကျေးရွာအတွင်း ၂၀၂၄ ခုနှစ် ဇန်နဝါရီလ(၇)ရက်နေ့၊ မြန်မာစံတော်ချိန် မနက်(၁၀)နာရီဝန်းကျင်တွင် တိုက်လေယာဉ်ဖြင့် အကြောင်းမဲ့ ဖျက်အားပြင်းဗုံးကြဲ တိုက်ခိုက်ခဲ့ကြောင်း ကြားသိရသည်။ ထိုအကြမ်းဖက်တိုက်ခိုက်မှုတွင် အသက်မပြည့်သေးသည့် ကလေးငယ် (၉)ဦးအပါအဝင် အရပ်သားပြည်သူ(၁၇)ဦးသေဆုံးခဲ့ကြပြီး (၁၉)ဦး ဒဏ်ရာရရှိခဲ့ကြသည်။ ဒဏ်ရာရရှိသူ (၁၉)ဦးတွင်လည်း အသက်မပြည့်သေးသည့် ကလေးငယ် (၁၁)ဦးအထိ ပါဝင်ခဲ့သည့်အပြင် ဘုရားကျောင်းနှင့် စာသင်ကျောင်းအပါအဝင် နေအိမ်များလည်း အများအပြား ထိခိုက်ပျက်စီးခဲ့ရသည်။

၂။ အကြမ်းဖက်စစ်ကောင်စီ၏ အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်ဗုံးကြဲသတ်ဖြတ်သည့် စက်ဆုပ်ဖွယ်ရာလုပ်ရပ်သည် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်သည့်အပြင် ချင်းလူမျိုးများအပေါ် လူမျိုးတုံးအောင် ရည်ရွယ်ချက်ရှိရှိ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်းဖြစ်သဖြင့် အပြင်းအထန်ရှုတ်ချသည်။ ဤလုပ်ရပ်သည် နိုင်ငံတကာ အဖွဲ့ အစည်းများ၏ တောင်းဆိုချက်များကို ပြောင်ပြောင်တင်းတင်း လျစ်လျူရှုလိုက်ခြင်းလည်း ဖြစ်သည့်အတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ လက်တွေ့ကျသော အရေးယူမှု၊ အပြစ်ပေးမှုများ ပိုမိုပြုလုပ်ကြပါရန် အလေးအနက်တောင်းဆိုသည်။

၃။ CNF/A သည် ချင်းလူမျိုးများ လွတ်မြောက်ပြီး ကိုယ့်ကြမ္မာကို ဖန်တီးခွင့် ရရှိရေးအတွက် တိုက်ပွဲဝင် နေသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ချင်းပြည်သူများ၏ လုံခြုံရေးအတွက် တတ်စွမ်းသရွေ့ ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပြီး ချင်းလူမျိုးများကို လူမျိုးတုံးအောင် ရည်ရွယ်သတ်ဖြတ်နေသည့် ဤအကြမ်းဖက်စစ်တပ်ကို နိုင်ငံရေးခံယူချက်၊ ဦးတည်ချက် တူညီသော ညီနောင်မဟာမိတ်များ၊ NUGအပါအဝင် နွေဦးတော်လှန်ရေး လက်နက်ကိုင်အဖွဲ့အစည်းများနှင့်အတူ ပြည်သူဘက်မှ မားမားမတ်မတ်ရပ်တည်ပြီး အဆုံးတိုင် တိုက်ပွဲဝင်သွားမည်။

၄။ ကာနန်ကျေးရွာအပေါ် အကြမ်းဖက်မှုအတွင်း အပြစ်မဲ့ပြည်သူများ၊ ဒဏ်ရာရရှိသူများ၊ အိုးအိမ်ပျက်စီးဆုံးရှုံးသူများ၏ မိသားစုများ၊ ရပ်ဆွေရပ်မျိုးများနှင့် ထပ်တူဝမ်းနည်းကြောင်း၊ ဘုရားရှင်ထံမှ စိတ်ငြိမ်သက်ခြင်း သက်ရောက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး